**KACHIN WOMEN'S ASSOCIATION THAILAND**

P.O.BOX 415, CHIANG MAI 50000, THAILAND

ရက်စွဲ - ၁၂ အောက်တိုဘာ၂၀၁၅ ခုနှစ်

## ကချင်အမျိုးသမီးများအစည်းအရုံး (ထိုင်းနိုင်ငံ) ထုတ်ပြန်ကြေညာချက်

## ကောင်းခါးမုဒိမ်းကျင့်သတ်ဖြတ်မှုအတွက်တရားမျှတမှုဖော်ဆောင်နိုင်မှုမရှိခြင်းအပေါ် သမ္မတဦးသိန်းစိန်မှစိန်ခေါ်မှုများနှင့် ရင်ဆိုင်ရမည်

သမ္မတဦးသိန်းစိန်သည် တနိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူညီချက်စာချုပ်အားယခုအပတ်အတွင်းလက်မှတ်ထိုးနိုင်ရေးကိုသာအဓိကအာရုံစိုက်နေပြီး ဇန်နဝါရီလအတွင်းဖြစ်ပွားခဲ့သည့် ကချင်ဆရာမနှစ်ဦးမုဒိမ်းကျင့်သတ်ဖြတ်ခံရမှုအပေါ်ယခုချိန်ထိတရားမျှတမှုဖော်ထုတ်နိုင် ခြင်းမရှိသေးပေ။ ထို့အတွက်ကြောင့် သမ္မတမှ ဤအမှုမှန်အလျှင်အမြန်ပေါ် ပေါက်ရေးအတွက်တာ ဝန်ယူဖြေရှင်းပေးရန် မိမိတို့ ကချင်အစည်းအရုံး ( ထိုင်းနိုင်ငံ ) မှ တိုက်တွန်းတောင်းဆိုလိုက်သည်။

ဤကချင်ဆရာမနှစ်ဦး၏ ဆိုးဝါးလှသည့်မုဒိမ်းကျင့်သတ်ဖြတ်ခံရမှုမှာလူသိများသည့်အမှုတစ်ခုဖြစ်သည်။ လွန်ခဲ့သည့်ဇန်နဝါရီလ ၂၀ ရက်နေ့တွင် ရှမ်းပြည်မြောက်ပိုင်း ကောင်းခါးကျေးရွာတွင်စေတနာ့ဝန်ထမ်းကချင်ဆရာမနှစ်ဦးမုဒိမ်းသတ်ဖြတ်ခံခဲ့ရပြီးထိုပြစ်မှုအား မြန်မာအစိုးရစစ်တပ်စစ်သားများကကျူးလွန်ခဲ့ကြောင်းသိသာထင်ရှားသည့်ခိုင်မာသောသက်သေအထောက်အထား များလည်းတွေ့ရှိခဲ့ပြီးဖြစ်သည်။ သို့သော်ငြားလည်းစစ်အစိုးရအာဏာပိုင်များသည်စုံစမ်းစစ် ဆေးရေးရဲအရာရှိများနှင့်အတူအဖြစ်မှန်ပေါ်ပေါက်ရေးအတွက်ပူးပေါင်းလုပ်ဆောင်ရန်ငြင်းဆန်ခဲ့သည့်အပြင် ယနေ့အချိန်ထိလည်းထိုအမှုနှင့်ပတ်သက်ပြီး တစုံတယောက်မျှ အရေးယူဆောင်ရွက်ခြင်း မရှိသေးပေ။

ဤအခြေအနေတွင် လူအများစုမသိသေးသည့်အချက်မှာ ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ် (KBC) မှ အကူအညီတောင်းခံသည့် သနားခံလွှာပေးပို့မှုများအပေါ်သမ္မတဦးသိန်းစိန်မှတစုံတရာတုံ့ပြန်မှုမရှိခဲ့ခြင်းပင်ဖြစ်သည်။

ဇန်နဝါရီလ ၂၃ ရက်နေ့တွင် ပထမဆုံးအကြိမ်အဖြစ် KBC မှ သမ္မတထံသို့ ကျူးလွန်သူများအား တရားဥပဒေနှင့်အညီ အပြစ်ပေးအရေးယူရန်စာရေးသားတောင်းဆိုခဲ့သည်။ သို့သော်ထိုအမှုနှင့်ပတ်သက်၍တိုးတက်မှုတစုံတရာ မတွေ့ရှိခဲ့သည့်အတွက်ကြောင့် KBC မှ ဥပဒေရေးရာကျွမ်းကျင်သူများအပါအဝင် အဖွဲ့ဝင် ၁၇ ဦးပါဝင်သော “အမှန်တရားဖော်ထုတ်ရေး ကော်မတီ” တရပ်အားဖွဲ့စည်းပြီးကြောင်းနှင့် ကော်မတီမှ၎င်းတို့ကိုယ်တိုင် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်သွားမည့်အကြောင်း ဖေဖော်ဝါရီ ၂၈ ရက်နေ့တွင် ဒုတိယအကြိမ်သမ္မတထံသို့ စာရေးအသိပေးတောင်းဆိုခဲ့သည်။

ကချင်အမျိုးများသမီးအဖွဲ့အစည်း၊ ဥပဒေရေးရာ အကြံပေးများနှင့် ညှိနှိုင်းဆွေးနွေးမှုပြုလုပ်ပြီးနောက် ဇူလိုင် ၂ ရက်နေ့တွင် KBC မှ သမ္မတထံသို့ တတိယအကြိမ်မြောက် စာရေးသားပေးပို့ခဲ့ပြီး ၄င်းတို့ ကော်မတီ၏ စုံစမ်းစစ်ဆေးရေးလုပ်ငန်းများ ပိတ်ပင်ခံနေရကြောင်းနှင့် သမ္မတအနေဖြင့် ထိုကော်မ တီအားတရားဝင်ကော်မတီအဖြစ်အသိအမှတ်ပြုပေးပြီးလုပ်ပိုင်ခွင့် အာဏာပေးအပ်ရန်တောင်းဆိုခဲ့ သည်။ တောင်းဆိုသည့်အချက်များထဲတွင်စစ်သားများအား စုံစမ်းစစ်ဆေးခွင့်ရရှိရန်၊ ရဲတပ်ဖွဲ့မှရယူ ထားသောသက်သေအထောက်အထားများအားရရှိရန်နှင့် သက်သေများ၏လုံခြုံမှုအားအာမခံချက် ရှိရန်စသဖြင့်တိတိကျကျပါဝင်သည်။ သို့သော်သမ္မတမှတစုံတရာတုံ့ပြန်မှုမရှိသည့်အပြင် KBC မှပြု လုပ်နေသည့်စုံစမ်းစစ်ဆေး မှုအားယနေ့ချိန်ထိပူးပေါင်းပါဝင်ကူညီခြင်းလုံးဝမရှိခဲ့ပေ။

ယခုကဲ့သို့ ဤဆရာမများ မုဒိမ်းကျင့်သတ်ဖြတ်ခံရမှုအပေါ် သမ္မတမှတစုံတရာပါဝင်ကူညီမှုမရှိခြင်းမှာ ဆိုးဝါးသိသာသည့် တာဝန်မဲ့မှုတခုဖြစ်သည်။ မြန်မာပြည်တဝှမ်းရှိပြည်သူများသည်လည်းတရားမျှတမှု အတွက်အစိုးရစစ်တပ်မှပစ်မှုကျူးလွန်သည့် စစ်သားများနှင့်စစ်ဗိုလ်များအားဖမ်းဆီးအပြစ်ပေးမည့် အချိန်အားစောင့်မျှော်လျှက်ရှိသည်။ ဤကဲ့သို့လူသိများထင်ရှားလှသည့်ရာဇဝတ်မှုတွင်သမ္မတသည် သိသိသာသာစစ်တပ်ဘက်မှရပ်တည်နေသည့်ဖြစ်ရပ်သည် စစ်တပ်အားကင်းလွတ်ခွင့်ပေးနေသည် သာမကနောက်ထပ်ဆိုးဝါးသည့်ရာဇဝတ်မှုများတရားဝင်ထပ်မံကျူးလွန်ခွင့်ပြုနေသည်။

"ဒီကောင်းခါးအမှုပေါ်သမ္မတကိုင်တွယ်ပုံကိုကြည့်ရင် သမ္မတဟာစစ်တပ်အပေါ်အပြည့်အဝသစ္စာရှိနေ ပြီး တရားမျှတမှုဖော်ထုတ်ရေးကိုလျစ်လျူရှုနေတယ်" ဟုဆိုင်းဇင်မှပြောသည်။ "ဒီလုပ်ရပ်ကြီးဟာ ငြိမ်း ချမ်းရေးလုပ်ငန်းစဉ်ကြီးတခုလုံးအတွက် အမဲစက်ကြီးတခုပဲ"

ဤကဲ့သို့ဆိုးဝါးလှသည့်မုဒိမ်းကျင့်သတ်ဖြတ်မှုကြီးအား သမ္မတကြီးမှကိုင်တွယ်ဖြေရှင်းခြင်းလုံးဝမရှိပဲ အစိုးရမှ "ပဋိပက္ခအ တွင်းလိင်ပိုင်းအကြမ်းဖက်မှုအဆုံးသတ်ရေးပဋိညာဉ်စာတမ်း" အပေါ်လွှန်ခဲ့သည့် နှစ်တွင်သွားရောက်လက်မှတ်ရေးထိုးခဲ့ ခြင်းသည်လှောင်ပြောင်ပျက်ရယ်ပြုချင်စရာဖြစ်သည်။

ထို့ကြောင့်ကောင်းခါးအမှုတွင် ထိရောက်သောတရားမျှတ ရရှိရေးအတွက်ချက်ချင်းအရေးယူဆောင် ရွက်ပေးရန် သမ္မတအားနိုင်ငံခြားသံတမန်များအပါဝင်အဝင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင်ပါဝင် နေသူ များအားလုံးအနေဖြင့် ဖိအားပေးတောင်းဆိုရန်ကချင်အမျိုးသမီးများအစည်းအရုံး ( ထိုင်းနိုင်ငံ ) မှတိုက်တွန်းလိုပါသည်။

**<u>ဆက်သွယ်ရန်</u>**

ဆိုင်းဇင် + ၆၆ ၈၄၆ ၁၄၂ ၃၃၀
ရှယ်လီဆိုင်း + ၆၆ ၈၆၉ ၂၃၈ ၈၅၄

Kwat.secretariat@gmail.com
Website: www.kachinwomen.com

*ကချင်အမျိုးသမီးအစည်းအရုံး  သည် (ထိုင်းနိုင်ငံ)ကချင်အမျိုးသမီးများအရေးလုပ်ဆောင်နေသော လူမှုအဖွဲ့အစည်းတရပ်ဖြစ်သည်။ မိမိတို့သည် ဒေသအဆင့်၊ နိုင်ငံအဆင့်၊ နိုင်ငံတကာအဆင့်အသီး သီးရှိ ဆုံးဖြတ်ချက်ချသော နေရာများတွင် ပါဝင်ဆုံးဖြတ်နိုင်ရန် အမျိုးသမီးများအားလုံး စွမ်းရည်မြင့် မားပြီး ကချင်ကလေးငယ်များအားလုံးမှာလည်း ၎င်းတို့၏ စွမ်းရည်များကို ဖြည့်စွမ်းနိုင်မည့်အခွင့်အ လမ်းရှိ၍ နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုများအားလုံး ပပျောက်သော ကချင်ပြည်နယ်တခု ဖြစ်ပေါ်လာ ရေးအတွက် မျှော်မှန်းသည်။*_